# ဓမ္မခန္ဓာ (၃၅) "သံသရာ၏အစ" (ဖတွရ)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၃။ သုတ်ဒေသနာ– ၄၅ပါး။

ဦးဗြေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **الْحَمْدُ لِلَّهِ فَاطِرِ السَّمَاوَاتِ وَالْأَرْضِ جَاعِلِ الْمَلَائِكَةِ رُسُلًا أُولِي أَجْنِحَةٍ مَّثْنَى وَثُلَاثَ وَرُبَاعَ يَزِيدُ فِي الْخَلْقِ مَا يَشَاء إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۞<br>ရည်သန်စူးစိုက်မှုအပေါင်းသည် မိုးများနှင့် မြေကမ္ဘာ သံသရာ၏ဇစ်မြစ် ဖြစ်တော်မူသော ပရမတ်ဘုရားရှင် အဘို့ ဖြစ်၍၊ အရှင်သည် နိမိတ်ဆောင်တို့အား လက်ရုံးရည် နှစ်တန်၊ သုံးတန်၊ လေးတန် အားဖြင့် ဥာဏ်စဉ်ဆောင် အဖြစ် ခန့်အပ်တော်မူ၏။ အရှင်သည် စံချိန်ပြည့်သည့်အလျှောက် ဖြစ်တည်မှုကို တစ်ရိပ်ရိပ်တိုးစေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။[၈၅၅] |
| ၂။ | **مَا يَفْتَحِ اللَّهُ لِلنَّاسِ مِن رَّحْمَةٍ فَلَا مُمْسِكَ لَهَا وَمَا يُمْسِكْ فَلَا مُرْسِلَ لَهُ مِن بَعْدِهِ وَهُوَ الْعَزِيزُ الْحَكِيمُ** ۞<br>ပရမတ်ဘုရားရှင်က လူသားများ အတွက် ဖွင့်ထားသော ကရုဏာတော်၊ ၎င်းအား ရပ်တန့်စေနိုင်သူ မရှိချေ။ အရှင်က ရပ်တန့်ထားစေလျှင်လည်း ထို့နောက်တွင် ၎င်းကို စေစားစေနိုင်သူ မရှိချေ။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၃။ | **يَا أَيُّهَا النَّاسُ اذْكُرُوا نِعْمَتَ اللَّهِ عَلَيْكُمْ هَلْ مِنْ خَالِقٍ غَيْرُ اللَّهِ يَرْزُقُكُم مِّنَ السَّمَاء وَالْأَرْضِ لَا إِلَهَ إِلَّا هُوَ فَأَنَّى تُؤْفَكُونَ** ۞<br>အို လူသားတို့၊ ပရမတ်ဘုရားရှင်က သင်တို့အား ဂုဏ်ပေးခဲ့သည်ကို သတိရကြလော့။ ပရမတ်ဘုရားရှင်မှအပ သင်တို့အား မိုးနှင့် မြေမှ ရိက္ခာကို ဖြစ်တည်ပေးသူ ရှိသလော၊ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ၊ သို့ပါလျှက် မည်သည့်ဘက်သို့ လှည့်ခြင်းကို ခံနေကြသနည်း။ |

---

(၈၅၅) **فَاطِر ဖတွရ** ဆိုသည်မှာ အရာရာအားလုံး၏ ဇစ်မြစ်ဟု ဖြစ်ပေသည်၊ အစ္စလာမ် သာသာနာက လောကခပ်သိမ်း သံသရာ၏ အစမှာ ပရမတ် ဘုရားရှင် ဖြစ်သည်ဟု ဆိုပေသည်။ လူနတ်ပြဟ္မာ စကြာဝဠာ အားလုံး၏ အစကို မသိအပ် မသိနိုင်သော အရာဟု မဆိုချေ။ ခပ်သိမ်းကုန်အပေါင်းသည် ပရမတ်ဘုရားရှင် အလ္လာဟ်ထံမှ စတည်ခဲ့ရ၍၊ ထိုအရှင်ထံသို့သာ အားလုံး ဦးလှည့်ပြန်ရမည်ဟု (၃၅း၄) ဆိုပေသည်။

ဤသုတ်တော်မှ **جَاعِلِ الْمَلَائِكَةِ رُسُلًا أُولِي أَجْنِحَةٍ مَّثْنَى وَثُلَاثَ وَرُبَاعَ ဂျာအိလာလ် မလာအိကတိ ရှုဆိုလန် အူလီ အာ့ဂ်ျနိဟာတင် မာ့တ်နာ ဝ ဆိုလာဆ ဝ ရှိဘာအ** ကို ဆရာတော်ကြီးများက **အတောင်ပံနှစ်ခုစီ၊ သုံးခုစီ၊ လေးခုစီ ရှိသော မလာအိကာဟ် ကောင်းကင်တမန်တို့အား စေတမန်များ အဖြစ် ခန့်အပ်တော်မူ၏၊** ဟု ပြန်ဆိုကြပေသည်။ **မလာအိကာဟ်** ဆိုသည်မှာ လူသားသာလျှင် ဖြစ်ပေသည်၊ ၂း၃၀။ ထို့ပြင် ဤသုတ်တော်၌ **မလာအိကာဟ်**များကို **ရစူလ်** ဥာဏ်စဉ်တော်ဆောင်များ အဖြစ် ခန့်အပ်တော်မူသည်ဟု ပြောထားပေသည်။ ဥာဏ်စဉ်တော်ဆောင် ဖြစ်ရန် ဝဟီခေါ် သဗ္ဗညုတဥာဏ်အား ဆွတ်ခူးနိုင်ရမည် ဖြစ်သည်။ သဗ္ဗညုတဥာဏ်တော်အား ဆွတ်ခူးနိုင်သူသည် လူသားမှသာ ဖြစ်သည်၊ ဖ်း၉။ ၁၂း၁၀၉။ ၁၇း၉၄၊ ၉၅။– ထို့အပြင် ဤနေရာ၌ **အာ့ဂ်ျနိဟာတန်** ကို **အတောင်**ဟု ကောင်းကင်တမန်တော် ဖြစ်၍ ပျံသန်းနေနိုင်သည်ဟု အဓိပ္ပါယ်တိမ်းရန် ပြန်ဆိုထားခြင်းကို တွေ့ရပေသည်။ ထိုစကားလုံးမှာ **ဂျနဟ** မှ ဆင့်ပွားဖြစ်၍ ၎င်းကို ၂၀း၂၂၅ တွင် **ကိုယ်တော်မုဟမ္မဒ်၏ လက်ရုံးရည်** အတွက် သုံးထားပေသည်။ ကိုယ်တော်မုဟမ္မဒ်သည် ကောင်းကင်တွင် ပျံသန်းနေနိုင်သော **မလာအိကာဟ်** မဟုတ်ချေ။ ဤနေရာ၌ လက်ရုံးရည် နှစ်တန် သုံးတန် လေးတန် ဆိုသည်မှာ သာမန်လူများထက် လက်ရုံးရည် နှစ်ဆ၊ သုံးဆ၊ လေးဆ ပို၍ စွမ်းဆောင်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၄။ | وَإِن يُكَذِّبُوكَ فَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ وَإِلَى اللَّهِ تُرْجَعُ الأمُورُ ۞<br>သူတို့က သင့်အား ငြင်းဆန်ကြလျှင်၊ သင်မတိုင်မီ ဥာဏ်စဉ်တော်များသည်လည်း မုချ ငြင်းဆန်ခံခဲ့ရပြီ။ စီမံချက်အပေါင်းသည် ပရမတ်ဘုရားရှင်ထံသို့သာ ဦးလှည့်ရမည်သာတည်း။ |
| ၅။ | يَا أَيُّهَا النَّاسُ إِنَّ وَعْدَ اللَّهِ حَقٌّ فَلَا تَغُرَّنَّكُمُ الْحَيَاةُ الدُّنْيَا وَلَا يَغُرَّنَّكُم بِاللَّهِ الْغَرُورُ ۞<br>အို လူသားတို့၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာတရား ဖြစ်၏။ သို့ဖြစ်၍ ဤလောကီ ဘဝက သင်တို့အား မလှည့်စားစေလင့်၊ လှည့်စားသူများက ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ သင်တို့အား မလှည့်စားစေလင့်။ |
| ၆။<br>☆၂း၁၄<br>၃း၁၇၅ | إِنَّ الشَّيْطَانَ لَكُمْ عَدُوٌّ فَاتَّخِذُوهُ عَدُوًّا إِنَّمَا يَدْعُو حِزْبَهُ لِيَكُونُوا مِنْ أَصْحَابِ السَّعِيرِ ۞<br>မကောင်းဆိုးဝါးသည်☆ သင်တို့၏ ပြိုင်ဘက် ဖြစ်၏။ သို့ဖြစ်၍ သူ့အား ပြိုင်ဘက်ဟု ယူမှတ်လော့၊ သူသည် သူ့ဘက်တော်သားတို့အား ရဲရဲတောက်လောင်ကျွမ်းရသော အဖော်ဖြစ်ရန် ဖိတ်ခေါ်၏။ |
| ၇။ | الَّذِينَ كَفَرُوا لَهُمْ عَذَابٌ شَدِيدٌ وَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ۞<br>ဖုံးကွယ်မှောင်ချသော သူတို့အတွက် ပြတ်သားသော ဝဋ်ကြွေးသည် ရှိနေ၏။ ယုံကြည်၍ ပြုပြင်ပြောင်းလဲမှုကို ကျင့်ကြံသော သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော ဆုလဒ် ရှိနေ၏။ |
| ၈။<br>☆<br>၂း၇၀ | أَفَمَن زُيِّنَ لَهُ سُوءُ عَمَلِهِ فَرَآهُ حَسَنًا فَإِنَّ اللَّهَ يُضِلُّ مَن يَشَاء وَيَهْدِي مَن يَشَاء فَلَا تَذْهَبْ نَفْسُكَ عَلَيْهِمْ حَسَرَاتٍ إِنَّ اللَّهَ عَلِيمٌ بِمَا يَصْنَعُونَ ۞<br>မိမိကျင့်ကြံသော အကုသိုလ်က သူ့အား တင့်တယ်စေ၏၊ ထို့ကြောင့် ကောင်းမွန်သည်ဟု သူ ထင်မှတ်သလော၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား☆ လမ်းလွဲစေ၍၊ စံချိန်ပြည့်မှီသူအား လမ်းညွှန်ရစေ၏။ သို့ဖြစ်၍ သင်၏ စိတ်ဉာဉ်ကို သူတို့အတွက် မပင်ပန်းစေလင့်၊ သူတို့၏ အပြုအမူများကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။ |
| ၉။<br>★<br>၃၀း၄၈ | وَاللَّهُ الَّذِي أَرْسَلَ الرِّيَاحَ فَتُثِيرُ سَحَابًا فَسُقْنَاهُ إِلَى بَلَدٍ مَّيِّتٍ فَأَحْيَيْنَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا كَذَلِكَ النُّشُورُ ۞<br>ပရမတ်ဘုရားရှင်သည် မိုးထုအား မြှင့်တင်ပေးသော လေကို စေစား၍၊ ၎င်းအား သေနေသော မြေဆီသို့ မောင်းနှင်တော်မူ၏။ ထို့နောက် ၎င်းအားဖြင့် သေနေသော မြေကမ္ဘာကို ပြန်ရှင်စေတော်မူ၏။ ဤသို့ ရှင်ပြန်နိုးကြွစေတော်မူ၏။★ |
| ၁၀။ | مَن كَانَ يُرِيدُ الْعِزَّةَ فَلِلَّهِ الْعِزَّةُ جَمِيعًا إِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ وَالْعَمَلُ الصَّالِحُ يَرْفَعُهُ وَالَّذِينَ يَمْكُرُونَ السَّيِّئَاتِ لَهُمْ عَذَابٌ شَدِيدٌ وَمَكْرُ أُوْلَئِكَ هُوَ يَبُورُ ۞<br>ဘုန်းတန်ခိုးကို လိုချင်သူ ရှိ၏။ ဘုန်းတန်ခိုးအပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ သန့်စင်သော တရားစကားများသည် အရှင့်ထံသို့ တက်ရ၏။ ပြုပြင်သော အကျင့်အကြံတို့အား အရှင် ချီးမြှောက်တော်မူ၏။ အကုသိုလ်မှုကို ကြံစည်သောသူ၊ ထိုသူတို့အတွက် ပြတ်သားသော ဝဋ်ကြွေးဒဏ်သည် ရှိ၏။ သူတို့၏ ကြံစည်မှုများသည် ပျက်စီးလေလွင့် သွားရလတ္တံ့။ |
| ၁၁။ | وَاللَّهُ خَلَقَكُم مِّن تُرَابٍ ثُمَّ مِن نُّطْفَةٍ ثُمَّ جَعَلَكُمْ أَزْوَاجًا وَمَا تَحْمِلُ مِنْ أُنثَى وَلَا تَضَعُ إِلَّا بِعِلْمِهِ وَمَا يُعَمَّرُ مِن مُّعَمَّرٍ وَلَا يُنقَصُ مِنْ عُمُرِهِ إِلَّا فِي كِتَابٍ إِنَّ ذَلِكَ عَلَى اللَّهِ يَسِيرٌ ۞<br>ပရမတ်ဘုရားရှင်သည် သင်တို့အား မြေမှုန့်မှ တဖန် ရေကြည်ပေါက်မှ ဖြစ်တည်စေ။ တဖန် ပေါင်းဖော်ကြင်ဘက် အဖြစ် စီမံပေး၏၊ အရှင်၏ သိနေခြင်းမရှိဘဲ မည်သည့် လိင်မသည်မှ ကိုယ်ဝန်ဆောင်ခြင်း၊ သွားဖွားခြင်း မရှိနိုင်ချေ။ မှတ်တမ်း၌ ရှိသည်မှ အပ မည်သည့် သက်တမ်းကိုမှ သက်တမ်းတိုးပေးသည် မရှိ၊ မည်သည့် သက်တမ်းအား လျှော့နည်းစေသည်လည်း မရှိချေ။ ဤသည် ပရမတ်ဘုရားရှင် အတွက် လွယ်ကူလှချေ။ |

၁၂။ وَمَا يَسْتَوِي الْبَحْرَانِ هَذَا عَذْبٌ فُرَاتٌ سَائِغٌ شَرَابُهُ وَهَذَا مِلْحٌ أُجَاجٌ وَمِن كُلٍّ تَأْكُلُونَ لَحْمًا طَرِيًّا
وَتَسْتَخْرِجُونَ حِلْيَةً تَلْبَسُونَهَا وَتَرَى الْفُلْكَ فِيهِ مَوَاخِرَ لِتَبْتَغُوا مِن فَضْلِهِ وَلَعَلَّكُمْ تَشْكُرُونَ ۞

သမုဒ္ဒရာ နှစ်ခုသည် မတူညီကြချေ။ တစ်ခုသည် ရေချို ရေကောင်းဖြစ်၍ သောက်သုံးရ ကျေနပ်စေ၏။ အခြားတစ်ခုသည် ဆားခါတ် ငံတူးနေ၏။ ၎င်းကိုယ်စီမှ သင်တို့ စားသောက်ဘို့ရာ လတ်ဆတ်သော အသားစိမ်း၊ ဝတ်ဆင်ဘို့ရာ တန်ဆာတို့ကို ထွက်စေတော်မူ၏။ အရှင်၏ ဂုဏ်ပေးမှုကို ရှာဖွေရန် ထို၌ ရေကိုခွဲ သွားလာသော ရေယာဉ်များကို သင်တို့ ဆင်ခြင်စေနိုင်၏။ သင်တို့ ကျေးဇူးသိတတ်အံ့ငှာလည်း ဖြစ်၏။

၁၃။ يُولِجُ اللَّيْلَ فِي النَّهَارِ وَيُولِجُ النَّهَارَ فِي اللَّيْلِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لِأَجَلٍ مُّسَمًّى ذَلِكُمُ اللَّهُ
رَبُّكُمْ لَهُ الْمُلْكُ وَالَّذِينَ تَدْعُونَ مِن دُونِهِ مَا يَمْلِكُونَ مِن قِطْمِيرٍ ۞

အရှင်သည် ညကို နေ့ထဲသို့ တိုးဝင်စေ၏၊ နေ့ကို ညထဲသို့ တိုးဝင်စေ၏။ နေနှင့်လအား ကိုယ်စီ သတ်မှတ်ထားသော အချိန်အတိုင်း စီးမြောလျှက် အသုံးခံ ဖြစ်စေ၏။ ဤသည် သင်တို့ ကံကြမ္မရှင် ပရမတ်ဘုရားရှင်ပင်၊ ဩဇာအာဏာ အပေါင်းသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်နှင့် တုပြိုင်၍ ဆုတောင်းခံနေသူတို့သည် အကာလေးကိုမျှပင် အစိုးရသည် မဟုတ်ချေ။

၁၄။ إِن تَدْعُوهُمْ لَا يَسْمَعُوا دُعَاءَكُمْ وَلَوْ سَمِعُوا مَا اسْتَجَابُوا لَكُمْ وَيَوْمَ الْقِيَامَةِ يَكْفُرُونَ بِشِرْكِكُمْ وَلَا يُنَبِّئُكَ
مِثْلُ خَبِيرٍ ۞

သူတို့ထံ ဆုတောင်းကြလျှင် သင်တို့၏ ဆုတောင်းခြင်းကို သူတို့ မကြားနာနိုင်ချေ။ အကယ်၍ ကြားခဲ့သည့်တိုင် သင်တို့အား အလိုတူနိုင်သည် မဟုတ်ချေ။ ရပ်တည်မြဲမြံရမည့် ကာလ၌ သင်တို့၏ ရောပြွန်းကိုးကွယ်မှုကို သူတို့က ဖုံးကွယ်ထားလတ္တံ့၊ သတင်းကုန်စင်သိနေသော အရှင်ကဲ့သို့ သင်တို့အား ဆင့်ပြန်နိုင်ခြင်း မရှိချေ။

၁၅။ يَا أَيُّهَا النَّاسُ أَنتُمُ الْفُقَرَاءُ إِلَى اللَّهِ وَاللَّهُ هُوَ الْغَنِيُّ الْحَمِيدُ ۞

အို လူသားတို့၊ သင်တို့သည် ပရမတ်ဘုရားရှင်အား တည်မှီနေရသူများ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏။ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏။

၁၆။ إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيدٍ ۞

အကယ်၍ စံချိန်ပြည့်မှီခဲ့သော် အရှင်သည် သင်တို့အား ရုပ်သိမ်းလျှက် မျိုးဆက်သစ်ကို ဖြစ်တည် ချီးမြှင့်လတ္တံ့။

၁၇။ وَمَا ذَلِكَ عَلَى اللَّهِ بِعَزِيزٍ ۞

ယင်းကိစ္စသည် ပရမတ်ဘုရားရှင်အတွက် ကြီးမားလွန်းလှသည် မဟုတ်ချေ။

၁၈။ وَلَا تَزِرُ وَازِرَةٌ وِزْرَ أُخْرَى وَإِن تَدْعُ مُثْقَلَةٌ إِلَى حِمْلِهَا لَا يُحْمَلْ مِنْهُ شَيْءٌ وَلَوْ كَانَ ذَا قُرْبَى إِنَّمَا تُنذِرُ
الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ وَأَقَامُوا الصَّلَاةَ وَمَن تَزَكَّى فَإِنَّمَا يَتَزَكَّى لِنَفْسِهِ وَإِلَى اللَّهِ الْمَصِيرُ ۞

မိမိအတွက် သယ်ပိုးနေရသူသည် အခြားသူ၏ သယ်ပိုးစရာအား မသယ်ပိုးပေးနိုင်ချေ။ အကယ်၍ မိမိ ဝန်ထုပ်သည် လေးလံသောကြောင့် အကူတောင်းခံသော်လည်း နီးစပ်သူဖြစ်လင့်ကစား စိုးစဥ်းမျှ ဝန်ဆောင်ပေးနိုင်မည် မဟုတ်ချေ။
☆ ၂:၃ မိမိတို့၏ ကံကြမ္မာရှင်အား ဆိတ်ကွယ်ရာ၌ ကြောက်ရွံ့ရိုကျိုး စိတ်လေ့ကျင့်မှု☆ မြဲသော သူကိုသာ သင် သတိပေးနိုင်၏။ စင်ကြယ်သန့်ရှင်းသော သူသည် သူ၏ စိတ်စရိုက်အတွက် စင်ကြယ်သန့်ရှင်းသည် မည်၏။ ခရီးဆုံးပန်းတိုင်သည် ပရမတ်ဘုရားရှင်၏ ထံသို့သာ ဖြစ်၏။

၁၉။ وَمَا يَسْتَوِي الْأَعْمَى وَالْبَصِيرُ ۞

ကန်းနေသူနှင့် မြင်နိုင်စွမ်းရှိသူသည် အသွင် မတူကြချေ။

| | |
|---|---|
| ၂၀။ | **وَلَا الظُّلُمَاتُ وَلَا النُّورُ ۞**<br>အဝိဇ္ဇာအမှောင်နှင့် သစ္စာအလင်းသည် မတူညီချေ။ |
| ၂၁။ | **وَلَا الظِّلُّ وَلَا الْحَرُورُ ۞**<br>အေးရိပ်နှင့် အပူလဟာပြင် မတူညီချေ။ |
| ၂၂။ | **وَمَا يَسْتَوِي الْأَحْيَاء وَلَا الْأَمْوَاتُ إِنَّ اللَّهَ يُسْمِعُ مَن يَشَاء وَمَا أَنتَ بِمُسْمِعٍ مَّن فِي الْقُبُورِ ۞**<br>အရှင်နှင့် အသေသည် အသွင်မတူညီချေ၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား ကြားနိုင်စွမ်းရှိစေ၏။ သင်သည် သချိုင်းထဲမှသူအား ကြားနာစေနိုင်သည် မဟုတ်ချေ။ |
| ၂၃။ | **إِنْ أَنتَ إِلَّا نَذِيرٌ ۞**<br>သင်သည် သတိပေးသူမျှသာ ဖြစ်၏။ |
| ၂၄။ | **إِنَّا أَرْسَلْنَاكَ بِالْحَقِّ بَشِيرًا وَنَذِيرًا وَإِن مِّنْ أُمَّةٍ إِلَّا خلَا فِيهَا نَذِيرٌ ۞**<br>ကေန်ပင် သင့်အား ပရမတ္ထသစ္စာအားဖြင့် သတင်းကောင်းဆောင်သူ၊ သတိပေးသူ အဖြစ် စေစားခြင်း ဖြစ်၏။ သတိပေးသူ မရှိခဲ့သော အသိုင်းအဝိုင်းဟူ၍ အတိတ်၌ မရှိခဲ့ချေ။ |
| ၂၅။ | **وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَ الَّذِينَ مِن قَبْلِهِمْ جَاءتْهُمْ رُسُلُهُم بِالْبَيِّنَاتِ وَبِالزُّبُرِ وَبِالْكِتَابِ الْمُنِيرِ ۞**<br>သင့်အား ငြင်းဆန်ကြလျှင်၊ သူတို့ထံသို့ ရှင်းလင်းချက်များ၊ ကျမ်းငယ်များ၊ ထွန်းလင်းတောက်ပသော ကျမ်းတော်များဖြင့် ရောက်ရှိခဲ့သော ဉာဏ်စဉ်ဆောင်များကိုလည်း သူတို့ မှချ ငြင်းဆန်ခဲ့ကြပြီ။ |
| ၂၆။ | **ثُمَّ أَخَذْتُ الَّذِينَ كَفَرُوا فَكَيْفَ كَانَ نَكِيرِ ۞**<br>ထို့နောက် ဖုံးကွယ်သော သူများကို သုတ်ငင်လိုက်ပြီ။ ငါ၏ အသိအမှတ်မပြုခြင်းသည် မည်သို့ ရှိလေသနည်း။ |
| ၂၇။ | **أَلَمْ تَرَ أَنَّ اللَّهَ أَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ ثَمَرَاتٍ مُّخْتَلِفًا أَلْوَانُهَا وَمِنَ الْجِبَالِ جُدَدٌ بِيضٌ وَحُمْرٌ مُّخْتَلِفٌ أَلْوَانُهَا وَغَرَابِيبُ سُودٌ ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ကောင်းကင်မှ မိုးရေကို သွန်းရွာစေ၍၊ ၎င်းဖြင့် ကွဲပြားသော သီးနှံများကို ပေါက်ရောက်စေကြောင်း သင် မဆင်ခြင်မိသလော။ တောင်များ၌ အဖြူ အနီ အစင်းကြောင်းများ ကွဲပြားလျှက်၊ မဲမှောင် နက်ကြုတ်သည်သော်လည်း ရှိ၏။[၈၅၆] |
| ၂၈။ | **وَمِنَ النَّاسِ وَالدَّوَابِّ وَالْأَنْعَامِ مُخْتَلِفٌ أَلْوَانُهُ كَذَلِكَ إِنَّمَا يَخْشَى اللَّهَ مِنْ عِبَادِهِ الْعُلَمَاء إِنَّ اللَّهَ عَزِيزٌ غَفُورٌ ۞**<br>လူသား၊ သတ္တဝါနှင့် ခွာကွဲစမြုံ့ပြန် တိရိစ္ဆာန်တို့ တွင်လည်း မျိုးစုံ ကွဲပြားလျှက် ရှိ၏။ အရှင့် အမှုတော်ဆောင်များမှ ပညာအလင်းရသူတို့က ပရမတ်ဘုရားရှင်အား ရိုးကျိုးကြောက်ရွံ့တတ်အံ့ငှာ ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် လွတ်ငြိမ်းစေသော အရှင်ဖြစ်၏။ |
| ၂၉။<br>☆ ၂း၃ | **إِنَّ الَّذِينَ يَتْلُونَ كِتَابَ اللَّهِ وَأَقَامُوا الصَّلَاةَ وَأَنفَقُوا مِمَّا رَزَقْنَاهُمْ سِرًّا وَعَلَانِيَةً يَرْجُونَ تِجَارَةً لَّن تَبُورَ ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ ကျမ်းတော်ကို ရွတ်ဖတ်သော၊ စိတ်လေ့ကျင့်မှု☆ မြဲကြသော သူတို့အား ငါအရှင် ရိက္ခာ |

(၈၅၆) ဤသုတ်တော်က တောင်တန်းကြီးများတွင် ငွေ၊ ဘော်၊ ပလက်တီနမ် စသော ဒြပ်သတ္တု အဖြူများ၊ ရွှေ၊ ကြေး ကျောက်သံပတ္တမြား အနီများ၊ ကျောက်မီးသွေး မဟူရာ စသည့် တွင်းထွက်ပစ္စည်းများ ရှိကြောင်း ဘူမိဗေဒ ပညာရပ်ကို စူးစမ်းရန် ရည်ညွှန်းသွန်သင်ပေသည်။

| | |
|---|---|
| | ထောက်ရာမှ တိတ်တဆိတ်ဖြစ်စေ လူသိရှင်ကြားဖြစ်စေ လှူဒါန်းကြသော သူများက– ဆုံးရှုံးပျက်စီးခြင်း မရှိသော ရောင်းဝယ်မှုကို မျှော်ကိုးသူတို့မှာ– |
| ၃၀။ | **لِيُوَفِّيَهُمْ أُجُورَهُمْ وَيَزِيدَهُم مِّن فَضْلِهِ إِنَّهُ غَفُورٌ شَكُورٌ ۞**<br>အရှင်သည် သူတို့၏ အကျိုးများကို ဖြည့်ဆီးပေးတော်မူရန်၊ အရှင့်၏ သိက္ခာပေးမှုမှ တိုးပွားစေရန် ဖြစ်၏။ ကေန်ပင် အရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ ကျေးဇူးတော်ရှင် ဖြစ်၏။ |
| ၃၁။ | **وَالَّذِي أَوْحَيْنَا إِلَيْكَ مِنَ الْكِتَابِ هُوَ الْحَقُّ مُصَدِّقًا لِّمَا بَيْنَ يَدَيْهِ إِنَّ اللَّهَ بِعِبَادِهِ لَخَبِيرٌ بَصِيرٌ ۞**<br>ဤကျမ်းတော်မှ သင့်အား ငါအရှင် အာရုံစျာန်ကိန်းဝပ်ပေးရာသည် ရှေးလက်စွဲ ကျမ်းများကို ဖြောင့်မှန်စေသည့် ပရမတ္ထသစ္စာဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များကို သတင်းသိနေတော်မူ၏၊ မြင်သိနေတော်မူ၏။ |
| ၃၂။<br><br>ခေတ်ရှေ့ရောက်ခြင်း | **ثُمَّ أَوْرَثْنَا الْكِتَابَ الَّذِينَ اصْطَفَيْنَا مِنْ عِبَادِنَا فَمِنْهُمْ ظَالِمٌ لِّنَفْسِهِ وَمِنْهُم مُّقْتَصِدٌ وَمِنْهُمْ سَابِقٌ بِالْخَيْرَاتِ بِإِذْنِ اللَّهِ ذَلِكَ هُوَ الْفَضْلُ الْكَبِيرُ ۞**<br>ငါအရှင်သည် ဤကျမ်းတော်အား ငါ၏ အမှုတော်ဆောင်များမှ ရွေးကောက်သောသူကို အမွေပေးတော်မူ၏။ သူတို့မှ မိမိစရိုက်ကို အဝိဇ္ဇာသင့်စေသူ၊ သူတို့မှ မဇ္ဈိမပဋိပဒါကို လိုက်သူ၊ သူတို့မှ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ကောင်းမှုဆောင်လျှက် ခေတ်ရှေ့ရောက်သူတို့ ရှိ၏။ **ဤသည်** ကြီးမားသော သိက္ခာပေးအပ်မှုပေတည်း။[၈၅၇] |
| ၃၃။ | **جَنَّاتُ عَدْنٍ يَدْخُلُونَهَا يُحَلَّوْنَ فِيهَا مِنْ أَسَاوِرَ مِن ذَهَبٍ وَلُؤْلُؤًا وَلِبَاسُهُمْ فِيهَا حَرِيرٌ ۞**<br>ထာဝရ ဥယျာဉ်ဘုံ၊ ထိုသို့ ဝင်ရောက်စံမြန်းရမည်ပင်၊ သူတို့အား ရွှေသား၊ ပုလဲတို့ဖြင့် ဆင်မြန်းပေးမည်၊ ပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်စေမည်ပင်။ |
| ၃၄။ | **وَقَالُوا الْحَمْدُ لِلَّهِ الَّذِي أَذْهَبَ عَنَّا الْحَزَنَ إِنَّ رَبَّنَا لَغَفُورٌ شَكُورٌ ۞**<br>သူတို့ ရင့်ကျူးကြသည်မှာ "တပည့်တော်တို့ထံမှ သောကအပေါင်းအား ရုပ်သိမ်းပေးတော်မူသော ပရမတ်ဘုရားရှင်သည် ရည်သန် စူးစိုက်မှုတည်ရာ ဖြစ်ပါ၏။ ကေန်ပင် ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသော အရှင် ကျေးဇူးရှင် ဖြစ်ပါ၏၊ |
| ၃၅။ | **الَّذِي أَحَلَّنَا دَارَ الْمُقَامَةِ مِن فَضْلِهِ لَا يَمَسُّنَا فِيهَا نَصَبٌ وَلَا يَمَسُّنَا فِيهَا لُغُوبٌ ۞**<br>အရှင်၏ သိက္ခာပေးမှုဖြင့် မြဲမြံရာ ဗိမာန်ကို တပည့်တော်တို့အား တရားဝင်ပြုပေး၏။ ထို၌ တပည့်တော်တို့အား ဘေးသက်ခြင်း ပင်ပန်းမှု သက်ခြင်း မရှိပေ။ |
| ၃၆။ | **وَالَّذِينَ كَفَرُوا لَهُمْ نَارُ جَهَنَّمَ لَا يُقْضَى عَلَيْهِمْ فَيَمُوتُوا وَلَا يُخَفَّفُ عَنْهُم مِّنْ عَذَابِهَا كَذَلِكَ نَجْزِي كُلَّ كَفُورٍ ۞**<br>ဖုံးကွယ်သော သူတို့ အတွက်မူ၊ ငရဲဘုံ အပူမီးသည် ရှိလတ္တံ့၊ သူတို့အား အပြီးသတ်စေခြင်း၊ သေဆုံးစေခြင်း၊ ဝဋ်ကြွေးမှ ပေါ့ပါးစေခြင်း မရှိချေ၊ ဤသည် ဖုံးကွယ်သူ ကိုယ်စီ၏ အကျိုးဆုလဒ်ပင် ဖြစ်၏။ |
| ၃၇။ | **وَهُمْ يَصْطَرِخُونَ فِيهَا رَبَّنَا أَخْرِجْنَا نَعْمَلْ صَالِحًا غَيْرَ الَّذِي كُنَّا نَعْمَلُ أَوَلَمْ نُعَمِّرْكُم مَّا يَتَذَكَّرُ فِيهِ مَن** |

(၈၅၇) ဤသုတ်တော်က ကျမ်းမြတ်ကုရ်အာန်အား အမွေဆက်ခံစေမည့် သူများကို ပြောဆိုထားပေသည်။ အမွေဆက်ခံရမည့် လူများမှာ သုံးမျိုးသုံးစား ဖြစ်၍၊ အချို့သည် ကျမ်းတော်ကို ဖတ် နာ လိုက်လံ ဆောင်ရွက်နေပါလျှက်– အတိတ်မှ အမိုက်ကောင်များကဲ့သို့ ဆရာသခင်ကိုးကွယ်သည့် ဝါဒသို့ ပြန်သွားသော အဝိဇ္ဇာသင့်ရသည့်သူများ၊ အချို့မှာ အလယ်အလတ်လမ်းစဉ်ကို လိုက်သော သူများနှင့် အချို့မှာ ကျမ်းတော်မှ ချမှတ်ထားသော လောကနိယာမကို မြင်လျှက် ခေတ်ရှေ့သို့ ရောက်နေသူများ ဖြစ်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် ကျမ်းတော်အား အမွေရရှိထားပါလျှက် အလွန် ခေတ်နောက်ကျသော အဝိဇ္ဇာသင့်ရသည့် လူမျိုးများမှ မဖြစ်သင့်တော့ပေ။–

| | |
|---|---|
| | **تَذَكَّرَ وَجَاءَكُمُ النَّذِيرُ فَذُوقُوا فَمَا لِلظَّالِمِينَ مِن نَّصِيرٍ ۞**<br>သူတို့က “အို ကံကြမ္မာရှင် တပည့်တော်တို့အား ထုတ်ပေးတော်မူပါ၊ တပည့်တော်တို့သည် အကျင့်ဟောင်းများကို ပယ်၍ ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံပါမည်၊”ဟု ငိုကြွေးဆုတောင်းကြ၏။ ငါသည် သင်တို့အား သတိရလိုလူများ သတိရနိုင်လောက်သည့် သက်တမ်းကို ပေးခဲ့သည် မဟုတ်လော၊ သင်တို့ထံသို့ သတိပေးသူ ရောက်မလာလေသလော၊ သို့ဖြစ်၍ ကူညီသူမရှိ သင်တို့၏ အမိုက်စီးမှုကို မြည်းစမ်းကြကုန်လော့။ |
| ၃၈။ | **إِنَّ اللَّهَ عَالِمُ غَيْبِ السَّمَاوَاتِ وَالْأَرْضِ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေ၏ လျှို့ဝှက်ချက်ကို သိနေတော်မူ၏၊ အရှင်သည် သင်တို့၏ အစ္စတ္တ အတွင်း သဏ္ဍာန်ကို သိနေတော်မူ၏။ |
| ၃၉။ | **هُوَ الَّذِي جَعَلَكُمْ خَلَائِفَ فِي الْأَرْضِ فَمَن كَفَرَ فَعَلَيْهِ كُفْرُهُ وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ عِندَ رَبِّهِمْ إِلَّا مَقْتًا وَلَا يَزِيدُ الْكَافِرِينَ كُفْرُهُمْ إِلَّا خَسَارًا ۞**<br>အရှင်သည် သင်တို့အား မြေကမ္ဘာ၏ ကိုယ်စားလှယ်များ အဖြစ် စီမံပေးတော်မူ၏။ သို့ဖြစ်၍ ဖုံးကွယ်သော သူသည် သူ့ကိုယ်သူ ဖုံးကွယ်သည် မည်၏။ ဖုံးကွယ်သူတို့၏ ဖုံးကွယ်ခြင်းများသည် ကံကြမ္မာရှင်၏ ထံ၌ ရွံရှာဘွယ်မှအပ တိုးပွားစေသည် မဟုတ်၊ ဖုံးကွယ်သူတို့၏ ဖုံးကွယ်ခြင်းများသည် ဆုံးရှုံးရမှုကိုသာ တိုးစေ၏။ |
| ၄၀။<br><br>ကျမ်းတော် | **قُلْ أَرَأَيْتُمْ شُرَكَاءَكُمُ الَّذِينَ تَدْعُونَ مِن دُونِ اللَّهِ أَرُونِي مَاذَا خَلَقُوا مِنَ الْأَرْضِ أَمْ لَهُمْ شِرْكٌ فِي السَّمَاوَاتِ أَمْ آتَيْنَاهُمْ كِتَابًا فَهُمْ عَلَى بَيِّنَةٍ مِّنْهُ بَلْ إِن يَعِدُ الظَّالِمُونَ بَعْضُهُم بَعْضًا إِلَّا غُرُورًا ۞**<br>ဟောလော့ “ပရမတ်ဘုရားရှင်နှင့် ဂုဏ်ပြိုင်လျှက် သင်တို့ ရောပြွန်းကိုးကွယ်နေသည့် ဆုတောင်းခံနေသူများကို ဆင်ခြင်ကြကုန်လော့၊ မြေကမ္ဘာ၌ သူတို့က ဖြစ်တည်ပေးရာကို ကျွန်ုပ်အား ပြလော့၊ သို့မဟုတ် မိုးကောင်းကင်၌ သူတို့တွင် ဖက်စပ်သူရှိသလော။” သို့မဟုတ် ငါသည် သူတို့အား ကျမ်းတော်ကို ပေးအပ်၍ ရှင်းလင်းထင်ရှားသော **၎င်း**အပေါ်၌ ရှိစေသည် မဟုတ်လော၊ အမှန်မှာ အဝိဇ္ဇာကောင်တို့၏ အချင်းချင်း ထားသော ကတိသည် ဥပါယ်တမည်သာ ဖြစ်၏။ |
| ၄၁။ | **إِنَّ اللَّهَ يُمْسِكُ السَّمَاوَاتِ وَالْأَرْضَ أَن تَزُولَا وَلَئِن زَالَتَا إِنْ أَمْسَكَهُمَا مِنْ أَحَدٍ مِّن بَعْدِهِ إِنَّهُ كَانَ حَلِيمًا غَفُورًا ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာအား တိမ်းချော်မသွားရန် ထိန်းထားတော်မူ၏။ အကယ်၍ ၎င်းတို့ တိမ်းချော်သွားခဲ့ပါမူ၊ အရှင်မှအပ ထိန်းထားပေးနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။ အရှင်သည် ညှာတာတော်မူသော အရှင် လွတ်ငြိမ်းစေသော အရှင် ဖြစ်၏။[၈၅၈] |
| ၄၂။ | **وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءَهُمْ نَذِيرٌ لَّيَكُونُنَّ أَهْدَى مِنْ إِحْدَى الْأُمَمِ فَلَمَّا جَاءَهُمْ نَذِيرٌ مَّا زَادَهُمْ إِلَّا نُفُورًا ۞**<br>သူတို့ထံသို့ သတိပေးသူ ရောက်လျှင်၊ သူတို့သည် အခြားသော မည်သည့် အသိုင်းအဝိုင်း တစ်ခုထက်မဆို ပိုမို လမ်းညွှန်ခံရသူများ ဖြစ်ကြမည်ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ကျိန်ဆိုလျှက် အစွမ်းကုန် ကျမ်းကျိန်ကြ၏။ သို့သော် သူတို့ထံသို့ သတိပေးသူ ရောက်လာသော် မနှစ်မြို့မှုများသာ သူတို့၌ တိုးပွားလေတော့၏။[၈၅၉] |

**(၈၅၈)** လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် မိုးများ (အာကာသ)များနှင့် မြေကမ္ဘာများသည် အချင်းချင်း ထိန်းညှိထားကြောင်းကို ကျမ်းတော်က ရှင်းလင်းစွာ ပြောဆိုထားပေသည်– ဤအချက်သည်ပင် ဖန်ဆင်းရှင် (အလ္လာဟ်) ရှိကြောင်း ကြီးမားသော သက်သေတစ်ရပ် ဖြစ်တော့သည်။
**(၈၅၉)** ရှေးမှ ပွင့်ခဲ့သော ဥဏ်စဉ်တော်ဆောင် စဉ်ဆက်က သူတို့၏ လက်ရင်းသာဝကကြီးများအား နောက်ဆုံးတစ်ပါး ပွင့်ပေါ်ဦးမည်ဟု ဟောခဲ့စဉ်က၊ သူတို့အနေဖြင့် ထိုနောက်ဆုံးတစ်ပါးကို ဖူးမျှော်နာခံရန် အာသိသ တမ်းတမ်းတတ ရှိကြ၏။ သို့သော် အမှန်တကယ် နောက်ဆုံးပွင့် ဥဏ်စဉ်တော်ဆောင် ပွင့်ပေါ်လာသောအခါ (၃၃:၄၀) သူတို့သည် မလိုမုန်းထား ပွားကြလေတော့၏။ ၈၆၀ တွင် ဆက်ကြည့်ပါ။

၄၃။ اسْتِكْبَارًا فِي الْأَرْضِ وَمَكْرَ السَّيِّئِ وَلَا يَحِيقُ الْمَكْرُ السَّيِّئُ إِلَّا بِأَهْلِهِ فَهَلْ يَنظُرُونَ إِلَّا سُنَّتَ الْأَوَّلِينَ فَلَن تَجِدَ لِسُنَّتِ اللَّهِ تَبْدِيلًا وَلَن تَجِدَ لِسُنَّتِ اللَّهِ تَحْوِيلًا۞

မြေကမ္ဘာ၌ မာန်မာနတက်နေကြလျက် အကုသိုလ်မှုကိုသာ ကြံစည်ကြ၏။ အကုသိုလ် ကြံစည်မှုသည် သူ့ဝိုင်းသားများကိုသာ ပြန်သင့်စေ။ ရှေးသူဟောင်းတို့၏ နည်းနာကိုသာ စောင့်စားနေကြသည် မဟုတ်လော။ ပရမတ်ဘုရားရှင်၏ နည်းနာသည် ကမောက်ကမဟူ၍ သင်တွေ့ရမည် မဟုတ်ချေ။ ပရမတ်ဘုရားရှင်၏ နည်းနာသည် ကပြောင်းကပြန် ဟူ၍လည်း သင်တွေ့ရမည် မဟုတ်ချေ။[၈၆၀]

၄၄။ أَوَلَمْ يَسِيرُوا فِي الْأَرْضِ فَيَنظُرُوا كَيْفَ كَانَ عَاقِبَةُ الَّذِينَ مِن قَبْلِهِمْ وَكَانُوا أَشَدَّ مِنْهُمْ قُوَّةً وَمَا كَانَ اللَّهُ لِيُعْجِزَهُ مِن شَيْءٍ فِي السَّمَاوَاتِ وَلَا فِي الْأَرْضِ إِنَّهُ كَانَ عَلِيمًا قَدِيرًا۞

သူတို့မတိုင်မီ မျိုးဆက်တို့၏ ဇာတ်သိမ်းသည် မည်သို့ မည်ပုံရှိခဲ့သည်ကို ကြည့်ရှုရန် မြေကမ္ဘာ၌ မသွားလာကြသလော၊ ၎င်းတို့သည် သူတို့ထက် ပိုမိုပြတ်သားသော အင်အားများ ရှိခဲ့၏။ မိုးများနှင့် မြေကမ္ဘာ၌ ပရမတ်ဘုရားရှင်အား အရေးနိမ့်အောင် ပြုနိုင်သူ စိုးစဉ်းမျှ မရှိချေ။ အရှင်သည် သိနေတော်မူ၏။ စည်းချိန်ချမှတ်တော်မူ၏။

၄၅။ وَلَوْ يُؤَاخِذُ اللَّهُ النَّاسَ بِمَا كَسَبُوا مَا تَرَكَ عَلَى ظَهْرِهَا مِن دَابَّةٍ وَلَكِن يُؤَخِّرُهُمْ إِلَى أَجَلٍ مُّسَمًّى فَإِذَا جَاء أَجَلُهُمْ فَإِنَّ اللَّهَ كَانَ بِعِبَادِهِ بَصِيرًا۞

အကယ်၍ ပရမတ်ဘုရားရှင်က လူသားတို့အား သူတို့၏ ဆည်းပူးမှုများကြောင့် သုတ်သင်ခဲ့လျှင်၊ အရှင်၏ ချန်ထားခဲ့ခြင်း နောက်ကျော၌ မည်သည့် သတ္တဝါမှ မရှိချေ။ သို့သော် အရှင်သည် သူတို့အား သတ်မှတ်ပြဋ္ဌာန်းထားချိန်ထိ အချိန်ဆွဲပေးထားတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များအား မြင်သိနေတော်မူ၏။

---

(၈၆၀) လက်ရှိ ကမ္ဘာပေါ်တွင် ရှိနေသော ရှေးသာသနာတို့မှ ဉာဏ်စဉ်တော်ဆောင်များသည် သူတို့ကိုယ်သူတို့ ပထမဦးဆုံး ပွင့်ပေါ်သော သူများဖြစ်သည်ဟု မပြောခဲ့ချေ။ သူတို့ရှေ့မှ ရှေ့ဦး ဉာဏ်စဉ်တော်ဆောင်များ ပွင့်ခဲ့ကြပြီဟု ဝန်ခံ ပြောဆိုကြသည်ချည်း ဖြစ်၏။ သို့သော် သူတို့ ပွင့်ပေါ်စဉ် ကာလတွင်လည်း နဂိုမိရိုးဖလာ၌ ကြီးစိုးနေသော သူများမှ အားလုံးက သူတို့အား လက်ခံခဲ့ကြသည် မဟုတ်ချေ။ အလားတူပင်– သူတို့ ညွှန်းခဲ့သော နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ် ပွင့်ပေါ်လာသည့် အခါတွင်လည်း ထိုသာသနာဟောင်းမှ လူသားတို့သည် ရှေးမှ ရှေးဟောင်း လူသားတို့၏ နည်းနာအတိုင်းပင် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင်အား ငြင်းဆန်ကြလေပြီ။ သို့သော် ပရမတ်ဘုရားရှင်၏ ကတိတော်မှာကား မည်သူသည် လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ ပြောင်းလဲခြင်း မရှိချေ။ အရှင်၏ ဉာဏ်စဉ်တော်ဆောင်များမှ တဆင့် ကတိတော်ပေးခဲ့သည့် အတိုင်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင်အား ပွင့်ပေါ်စေသည်ပင်။